ပန်းတောကျေးရွာ

ကျောင်းရွာကျေးရွာအုပ်စု၊ မအူပင်မြို့

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း

(၂၀၂၂-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပန်းတောကျေးရွာ၊ ကျောင်းရွာကျေးရွာအုပ်စု၊မအူပင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကူညီရေးဆွဲသည်)

ရက်စွဲ၊ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလ( ၃၀ )ရက်

CamScanner

# မာတိကာ


**မာတိကာ** ၁

ကျေးဇူးတင်လွှာ ၆

ပန်းတောကျေးရွာ သယဇာတပြမြေပုံ၊ မအူပင်

**စကားနိဒါန်း**

**၈ အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတက်တက်မှု အခြေအနေ ၁၂

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု - လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၈
အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်နှင့်အထက်ဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စရပ်များ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ



## နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

### (၁) လူမှုစီးပွါးရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျားမ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဒန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓန အဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်း မရှိဘဲ တစ်နေ့လျှင်အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ထိလိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

### (၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာစိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

CamScanner

ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွါးရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရာ

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့်ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား - မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

CamScanner

ဇယား ၄၃ သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီး ရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်း ဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့်** ၄၀

**အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ရေးဦးစွာ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ ပါဝင်ဆောင်ရွက် ပေးကြပါသော ကျေးရွာသူ-ကျေးရွာ သားများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

မအူပင်မြို့နယ်တွင် ကျေးရွာပေါင်း(၄၄၂)ရွာရှိသည့်အနက်မှ ကျေးရွာဖွံ့ဖြိုး ရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်း(VDP) ဆောင်ရွက်ရန် ရွေးချယ်ခံရာတွင် မိမိတို့ကျေးရွာအား ရွေးချယ်ခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာကြောင့်လည်း ဝမ်းသာပီတိဖြစ်ရပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိခဲ့ရပါသည်။ ထို့အပြင် လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

မိမိတို့၏ လိုအပ်များကို ဦးစားပေးလုပ်ငန်းများ စုပေါင်းဖော်ထုတ်ပြီး နှစ်အလိုက် စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း များစွာမျှော်လင့်မိပါသည်။ မိမိတို့ကျေးရွာမှလည်း အားတက်သရော ငွေအား၊ လူအားများဖြင့် ကူညီဆောင်ရွက်သွားမည်ကိုလည်း ပြောကြားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များမှလည်း ယခု ကဲ့သို့ အားတက်သရော ကူညီဆောင်ရွက်ပေးမည်ဟုလည်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း စီမံကိန်း ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော မအူပင်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို ပန်းတောကျေးရွာသူ၊ကျေးရွာသားများမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းအဖွဲ့

ပန်းတောကျေးရွာ၊ မအူပင်မြို့နယ်

စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်

CS CamScanner

## ရည်ရွယ်ချက်

မိမိတို့ ကျေးရွာအား နောင်(၅)နှစ်ကာလ အတွင်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့ပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရ အဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

CamScanner

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရက်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းပြုလုပ်လာ နိုင်ပါသည်။

**( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင် ကျေးရွာလူထုဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတ်ကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

CS CamScanner

## အခန်း(၂)

## ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ပန်းတောကျေးရွာသည် သုံးခွကျွန်းတာဘောင်ပတ်လမ်းဘေးတွင် တည်ရှိပါသည်။ အုပ်ချုပ်ရေး ရုံးစိုက်ရာ ခရိုင်မြို့တော် မအူပင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းတို့ဖြင့် မှီခိုရပ်တည်ရပါသည်။ ဒေသ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ (၁၁.၄၆")မှ (၂၁.၅၄") ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ မြေပြင်အနေထားမှာ မြေပြန့်ဖြစ်ပြီး လယ်မြေများသည် စပါးစိုက်ပျိုးလုပ်ကိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အဓိက အားထားရာဖြစ်သည့် (၂)နှစ် တစ်ကြိမ်ခန့် ရေကြီးနှစ်မြုပ်ခြင်းခံရပြီး စီးပွားရေးပျက်စီးမှုများ ခံရပါသည်။ စပါးကို အဓိကထား စိုက်ပျိုးသော ဒေသဖြစ်ပါသည်။

### ( ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင်း လယ်ယာမြေများရှိပြီး မြေအသင့်အတင့်ကောင်းမွန်သည်။ စပါး နှစ်စဉ်စိုက်ပျိုးကြပါသည်။ မိုးစပါးမှာ ရာသီဥတု မမှန်ခြင်း၊ ရိတ်သိမ်းချိန်တွင် မိုးများခြင်းတို့ကြောင့် အထွက်နှုန်း နည်းပါးပါသည်။ ဥယျာဉ်ခြံ အနည်းငယ်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးသီးနှံ အစားထိုး စိုက်ပျိုးနိုင်ရန် နည်းပညာ နှင့် အကူအညီ လိုအပ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

### ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ကျေးရွာအတွင်းရှိ အိမ်ထောင်စုပေါင်း(၁၃၀)စု ရှိပြီး ကျေးရွာအတွင်းရှိ ကျား/မ အချိုးမှာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် အနည်းငယ်ပိုများပါသည်။ အလုပ်သမားဦးရေ များသော်လည်းအလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။ ကျောင်းနေအရွယ် ကလေးများအတွက် ပညာသင်ကြားရာတွင် ကျေးရွာတွင် မူလတန်းစာသင်ကျောင်းတွင် ပညာသင်ကြား လျက်ရှိပါသည်။ တွေ့ရပါသည်။ လုပ်သားဦးရေ များပြားသောကြောင့် ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များ ဖော်ဆောင် ပေးရန် လိုအပ်ပါသည်။

### ( ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင်အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပြီးတစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သာမန်အနေသာရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်အတန်း သက်မှတ်မှုတွင် အိမ်ထောင်စု (၁၃၀)လုံး၏ (၂၆)လုံးသည် ချမ်းသာအဆင့်၊(၅၂)လုံးသည် အလယ်အလတ်အဆင့်၊(၃၈) လုံးသည် ဆင်းရဲနှင့် (၁၄)အလွန်ဆင်းရဲ အဖြစ် ခံယူ သတ်မှတ်ကြသည်။ အိမ်ထောင်စုအများစုသည် လုပ်သားဦးရေများရှိသော်လည်း ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း မလုံလောက်မှုကြောင့်

ဝင်ငွေနည်းပါကြပါသည်။ ဝင်ငွေ ကောင်းမွန်ပြီး အောင်မြင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် စီမံခန့် ခွဲမှုသင်တန်းများ ပြုလုပ်ပေးပါရန် လိုအပ်ပါသည်။ စီးပွားရေး လုပ်ငန်းများအောင်မြင်စွာတိုးချဲ့လုပ်ကိုင်နိုင်ရန် ငွေကြေးအရင်းအနှီးများ လိုအပ်ပါသည်။ ကျေးရွာချင်းဆက်သွယ်ရေးများ ဖွံ့ဖြိုးလာမှုနှင့် ကားလမ်း ဆက်သွယ်တည်ရှိမှု ပိုမိုတိုးတက် လာပါသည်။ယင်းတို့အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး လယ်ယာ အငှား လုပ်သမားများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ ခေါင်းရွက်ဗျက်ထိုး လုပ်ငန်းများ၊ဆန်စက်၊တစ်ပိုင် တစ်နိုင် မွေးမြူရေးလုပ်ငန်းများ အထည်ချုပ်စက်ရုံ၊ ဟော်တယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေကြသည်။ ကျေးရွာ၏ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စု အများစုမှာ စားဝတ် နေရေးအတွက် ကျပန်းလုပ်ငန်းများလုပ်ကိုင်၍ ဖြေရှင်းနေရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ကျေးရွာ အိမ်ထောင်စု၏(၄)စုရှိသော်လည်း ကျေးရွာအတွင်း အလုပ်မရွေး လုပ်ကိုင်ကာ စားသောက် နေကြပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာမှ အသုံးပြု သောက်သုံးနေရသော ရေမှာ ချောင်းရေများကိုသာ အသုံးပြုနေကြ ရပါသည်။မိုးရာသီတွင် ရာသီတုပ်ကွေး အဖြစ်များပြီး သွေးလွန်တုပ်ကွေးဖြစ်ပွားမှု နည်းပါးပါသည်။ ပိုလီယိုကာကွယ်ဆေးထိုးခြင်း၊မေးခိုင်၊ကိုယ်ဝန်ဆောင်ကာလအတွင်းဝက်သက်ရောဂါ ကာကွယ်ဆေး ပိုမှန် ကျန်းမာရေးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုလိုလို အရေးအဖက်ကျွမ်းကျင်ကြပါသည်။ဘွဲ့ရ အရေအတွက်မှာ အသင့်အတင့် ရှိပါသည်။ပညာအရည်အချင်း အသင့်အတင့်တက်မြောက်ကြ သော်လည်း စီးပွားရေးအခြေအနေနှင့် အသိပညာ ဗဟုသုတနည်းပါးခြင်းကြောင့် လူငယ် လူရွယ်များ အတွက်အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။

**(စ) ကျား-မ ရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ကျား-မရေးရာ ဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းမွန်စွာ သတ်မှတ်ကြပါသည်။ကျေးရွာအတွင်း ကျား-မ အကြား ပြင်းထန်သော အိမ်တွင် အကြမ်းဖက်မှု

CS CamScanner

နှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် အတူ အမျိုးသမီးများလည်း ဦးဆောင် ပါဝင်လေ့ရှိသည်။ပညာရေး နှင့်ဆိုင်သော ကိန်းဂဏန်း များတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေး အရေအတွက် ထက် အနည်းငယ်များနေသော်လည်း တက္ကသိုလ်ကျောင်းများတွင် ယောကျ်ားလေး အရေအတွက် မှာ မိန်းကလေး အရေအတွက်ထက် နည်းနေ၍ အမျိုးသမီးများ အတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများ နှင့် အတူတူပင်ဖြစ်ပါသည်။သို့သော် ကျေးရွာတွင် လုပ်အားခ များမှာ အမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာဖြင့် လုပ်အားခ သဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်းအမျိုးသမီးများသည် အမျိုးသာများထက် လုပ်အားခ နည်းပြီး ရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှု အလွန်လျော့နည်းပါသည်။ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## အခန်း(၄)

## ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းဖွံ့ဖြိုးရေးအဖွဲ့(၄)ဖွဲ့ရှိပြီး အဖွဲ့အစည်းအားလုံးတွင် ဂေါပကအဖွဲ့သည် လုပ်ငန်း ဖော်ဆောင်မှု အကောင်းဆုံးအဖွဲ့ ဖြစ်သည်။ ဂေါပကအဖွဲ့သည် ကျန်အဖွဲ့များနှင့် ဦးဆောင် ဦးရွက်ပြု၍ ဆောင်ရွက်သည်။ လုပ်ဆောင်မှုအသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကျသည်။ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စိုက်ပျိုးမြေများအတွက်ရေအလုံအလောက်ရရှိသော်လည်း နွေရာသီတွင်ချောင်း ကော နေခြင်းကြောင့် ရေများနောက်ခြင်းနှင့်ရေသုံးစွဲမှုတွင် အခက်အခဲများ ရှိပြီး လယ်ယာမြေ များတွင် ဖျက်ပိုးရောဂါများနှင့် ရွှေခရုများ ရှိကြပါသည်။ စိုက်ပျိုးရေး အဖွဲ့များ ဖိတ်ခေါ်၍ အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်လေ့ရှိ သော်လည်းလိုက်နာကျင့်သုံးမှု အားနည်းကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် မြေနေရာနှင့်ထုတ်ကုန်ဈေးကွက်ရှိသော် အရင်းအနှီး နည်းပါးခြင်းနည်းပညာအကူအညီနှင့်နည်းလမ်းများ မသိရှိခြင်းတို့ကြောင့် အခက်အခဲများ ရှိပါသည်။ကျေးရွာတွင် ငါးဖမ်းသူ များမှာ ချောင်း/မြောင်း နှင့် အင်းများတွင် အခကြေးငွေပေး၍ လုပ်ကိုင်နေကြပါသည်။ အိမ်ထောင်စု အနည်းငယ် မှာငါးဖမ်းခြင်း လုပ်ငန်းကိုအဓိကထား

**(ဆ) ကျန်းမာရေးတိုးတက်လာစေရေး**

ကျေးရွာမှ သောက်ရေအတွက် မြစ်ရေနှင့်တုံကင်များကို အသုံးပြုကြရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာ အသုံးပြုကြပါသည်။ ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းနှင့် နီးသောကြောင့် ကျန်းမာရေးအတွက် အဆင်ပြေပါသည်။

**(ဇ) လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာတွင် ရွာတွင်းလမ်းမှာ ကတ္တရာလမ်းဟောင်းဖြစ်ပြီး ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များကို အသုံးပြု၍ သွားလာနေပါသည်။ လမ်းကြီး၊လမ်းငယ်များကို စနစ်တကျ စီမံခန့်ခွဲရန် လိုအပ်ပြီး သွားလာနေသော ယာဉ်များ အားနှင့်ဝန် ခံနိုင်စေရန် ရွာတွင်း လမ်းများကို ကွန်ကရစ်လမ်းများခင်းရန် လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အညီ လမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။

## အခန်း(၈)

## စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှု များအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် တာဝန်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက(၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလည်းမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ် လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

CamScanner

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ် လျော့ချရေးနှင့်လိုက်လျောညီထွေ ဖြစ်အောင်အစီအမံများ |
|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | |
| ၁၁ | မိုးသီးမုန်တိုင်း | Â | | | |
| ၁၂ | မိုးခေါင်ခြင်း | Â | | | |
| ၁၃ | တောမီးလောင်ခြင်း | Â | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | Â | | | |
| ၁၅ | ကမ်းရိုးတမ်းတိုက်စားမှု | Â | | | |
| ၁၆ | မြေပြိုခြင်း | Â | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | Â | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | Â | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | Â | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | Â | | | |
| ၂၁ | ငှက်ဖျားရောဂါ | Â | | | |
| ၂၂ | တီဘီရောဂါ | | Â | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | Â | | | |
| ၂၄ | ကူးစက်ရောဂါ | Â | | | |
| ၂၅ | ပြည်တွင်း မငြိမ်မသက်မှု | Â | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | Â | | |
| ၂၇ | လူကုန်ကူးခြင်း | Â | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | | Â | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

CamScanner

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်၌ သဘာဝဘေးဖြစ်ပေါ်မှု နည်းပါး၍ စားနပ်ရိက္ခာဖူလုံမှု အသင့်အတင့်ကောင်းမွန်းပါသည်။ ကျေးရွာတွင်းရှိ တောင်သူကြီးများ အနေဖြင့် ဝမ်းစာဖူလုံမှု ရှိပြီး ဆန်းစပါးများကို တင်ပို့ရောင်းချနိုင်ပါသည်။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေ လည်သော အိမ်ထောင်စုများမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် ဝမ်းစာဖူလုံမှု မရှိကြပါ။ ရာသီဥတုမှာ အသင့်အတင့်ကောင်းမွန်ပြီး မိုးဦးနှင့် မိုးနှောင်းကာလတွင် မုန်တိုင်းဒဏ် အသင့်အတင့် ခံစား ရလေ့ရှိပါသည်။ ဆားငန်ရေ ဝင်ရောက်မှုမရှိပါ။ ကူးစက်ရောဂါ ဖြစ်ပွားမှု နည်းပါး ပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှုဘေးအန္တရာယ်လျော့ချရေးနှင့်လိုက်လျောညီထွေဖြစ်အောင် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | Â | | | | | |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | | | Â | | | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | | | Â | | | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ | Â | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ | Â | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | Â | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | Â | | | | | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | Â | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | Â | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | Â | | | | | |

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
| ၂ | ရေလှွဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင် ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး☐ Âရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ Â မရှိ☐ မဖြေဆိုပါ☐ | လျော့☐ Â တိုး☐ အပြောင်းအလဲမရှိ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ချောင်းရေကိုသာ အဓိကထားပြီး သုံးစွဲကြပါသည်။နွေရာသီတွင် ချောင်းကော၍ ရေနည်းခြင်းများ နှစ်စဉ် ဖြစ်ပေါ်နေပါသည်။**

CamScanner

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၅ | - | - | ၆၅ |
| လက်တွန်းထွန်စက် | ၂၀ | | | ၅၁ |
| အစေ့ချ ကိရိယာ | ၂ | | | ၇ |
| ရိတ်သိမ်းခြွေလှေ့စက် | ၂ | | | ၂၀ |
| ရိတ်သိမ်းစက် | ၂ | | | |
| ခြွေလှေ့စက် | ၅ | | | |
| ရေစုပ်စက် | ၅၀ | | | ၄၀ |
| ခြေနင်းရေတင်စက် | ၁ | | | |
| မြက်ရိတ်စက် | ၅ | | | ၁၀ |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စိုက်ပျိုးရေးကိရိယာများ ပိုင်ဆိုင်မှုတွင် ရှိနေသော စိုက်ပျိုးမြေနှင့်သင့်တင့်မျှတသည့် စက်ကိရိယာများ ပိုင်ဆိုင်ထားကြောင်း တွေ့ရှိရပါသည်။ စက်ပစ္စည်းများ တိုးတက်မှုများပြားစွာ အသုံးပြုလာသည့်ကို တွေ့ရှိရပါသည်။လယ်မြေများကို အထွက်တိုးစေရန် ကျေးရွာတွင် စိုက်ပျိုးရေးအသိပညာ ဟောပြောပွဲများ မကြာခဏပြုလုပ်ပေးပါက သီးနှံများ အထွက်တိုးလာမည့် အပြင် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

## (၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝ ရေမြေရာသီဥတု အနေအထား | အလွန်ကောင်း☐ ကောင်း☐<br>သင့်တင့်မျှတ☐ Å မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| | မဖြေဆိုပါ ☐ Â |
| သွင်းအားစု လက်လှမ်းမီမှု | သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐<br>သွင်းအားစုများ ဝယ်ယူနိုင်သည် ☐Â မဖြေဆိုပါ ☐ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူရနိုင်သည်☐<br>နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရနိုင်သည် ☐<br>မဖြေဆိုပါ☐ Â |
| ထုတ်ကုန် ရောင်းဝယ်မှု | ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐<br>ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐ Â မဖြေဆိုပါ☐ |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | လွယ်ကူသည်☐ အသင့်အတင့် လွယ်ကူသည် ☐ မဖြေဆိုပါ ☐ Â |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်း မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် မြေနေရာ အဆင်ပြေသောကြောင့် သားငါး မွေးမြူရေးလုပ်ငန်းအောင်မြင်နိုင်သည့် အခွင့်အလမ်း ရှိသော်လည်း အရင်းအနှီးများ နှင့် နည်းပညာအထောက်အကူအညီများစွာ လိုအပ်ကြောင်း တွေ့ရှိရပါသည်။ နည်းပညာအထောက်အကူအညီပေးနိုင်ပါက စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိနိုင် ပါသည်။

**(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀ နှင့် ၂၁ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | စားကျက်မြေ ရှားပါးသည် ☐ Â စားကျက်မြေ လုံးဝမရှိပါ ☐ မဖြေဆိုပါ ☐ |

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| ငွေချေး အစီအစဉ် | ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | ၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | ၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | ☐<br>မလိုအပ်ပါ ☐ | ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀ % ☐<br>၁၀% ထက်☐ | လိုအပ်သည် ☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ☐<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း☐<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅မှ ၁၀ %☐<br>၁၀% ထက်☐ | လိုအပ်သည်☐<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ☐<br>Â<br>ကာလလတ်ချေးငွေ☐<br>ကာလရှည်ချေးငွေ☐ | နေ့စဉ်☐<br>လစဉ်☐<br>၃-၆ လအတွင်း☐ Â<br>၆လမှ တစ်နှစ်ထိ☐<br>တစ်နှစ်နှင့် အထက်☐ | အတိုးမဲ့ ☐<br>၁ မှ ၂ % ☐<br>၂ မှ ၅% ☐<br>၅ မှ ၁၀%☐Â<br>၁၀% ထက်☐ | လိုအပ်သည်☐<br>Â<br>မလိုအပ်ပါ ☐ | နည်းသည် ☐<br>ရှိသည် ☐<br>Â<br>မရှိပါ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ **ကာလတိုချေးငွေ** ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ **ကာလလတ်ချေးငွေ** ဆိုသည်မှာ <u>၃ နှစ်မှ ၅ နှစ်အထိ၊</u> **ကာလရှည်ချေးငွေ**ဆိုသည်မှာ <u>၅ နှစ်မှ ၁၀ နှစ် အထိ</u>ဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။

CamScanner

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လှေလာတွေ့ရှိချက်။** ကျေးရွာနှင့် ကျေးလက်ကျန်းမာရေးဌာနတည်ရှိရာနှင့် ၁ မိုင်ခန့် ကွာဝေး ကြောင်း တွေ့ရှိရပါသည်။ ကျောင်းရွာတိုက်နယ်ဆေးရုံနှင့် နီးပါသည်။ မအူပင်ပြည်သူ့ဆေးရုံ ကုတင်(၂၀၀)နှင့် ၈ မိုင်ခန့် ကွာဝေးပါသည်။

## (ဈ) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (ဈ-၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျ စမ်းသပ်စစ်ဆေးထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | **ရေ အရည်အသွေး** (သောက်သုံးရေအရည်အသွေး စမ်းသပ်စစ်ဆေးထားမှုတွင် "ရှိ" ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက် မှု အခြေအနေ** (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| အဝီစိတွင်း/ စက်တပ် | ၃၉ | ရှိ☐ မရှိ☐ Â | ကောင်း☐ သင့်☐ Â ညံ့☐ | နွေ☐ Â<br>မိုး☐ Â<br>ဆောင်း☐ Â |
| အဝီစိတွင်း/ တုံကင် | ၅၁ | ရှိ☐ မရှိ☐ Â | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မိုးရေ သိုလှောင်ကန် | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| မြစ်/ချောင်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |
| ရေကန် | ၃ | ရှိ☐ Â မရှိ☐ | ကောင်း☐ သင့်☐ Â ညံ့☐ | နွေ☐<br>မိုး☐ Â<br>ဆောင်း☐ |
| စိမ့်စမ်းရေ | | ရှိ☐ မရှိ☐ | ကောင်း☐ သင့်☐ ညံ့☐ | နွေ☐<br>မိုး☐<br>ဆောင်း☐ |

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| | ၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်**။၁ - လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်**။ ။ကျေးရွာသည် မိုးရာသီတွင် ကုန်ပစ္စည်းများသာ သယ်ယူပို့ဆောင် ပါသည်။ မအူပင်မြို့နယ်ရေလမ်းမိုင် (၁၃) ကွာဝေးပါသည်။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၃ | ၈၂ | | ၆ | | | ၂ |

ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**လေ့လာတွေ့ရှိချက်**။ ။မိုးရာသီတွင် ကျေးရွာသည် မအူပင်မြို့ သို့ ခရီးသွား/ဈေးရောင်းဝယ်ပြုလုပ်သူများရှိပြီး ဆိုင်ကယ်ကယ်ရီဖြင့်လည်းကောင်း စက်လှေ၊ လှေတို့ဖြင့် သွားလာ ရပါသည်။ ပွင့်လင်းရာသီတွင် ထော်လာဂျီများဖြင့် ကိုယ်ပိုင်သော်လည်းကောင်း အငှားဖြင့်သော် လည်းကောင်း သွားလာပြေးဆွဲလျက်ရှိပါသည်။

**(၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၁၂၀ | ကောင်း☐ သင့်☐ ညံ့ ☐ မပြေဆို☐ | ရှိ ☐ မရှိ☐ |
| ဆိုလာစနစ် | | ကောင်း☐ သင့်☐ Â ညံ့ ☐ မပြေဆို☐ | ရှိ ☐ Â မရှိ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း☐ သင့်☐ ညံ့ ☐ မပြေဆို☐ | ရှိ ☐ မရှိ☐ |
| ဒီဇယ်သုံးအင်ဂျင် | | ကောင်း☐ သင့်ဆညံ့ ☐မပြေဆို☐ | ရှိ ☐ မရှိ☐ |
| လေစွမ်းအင် | | ကောင်း☐ သင့်☐ ညံ့ ☐ မပြေဆို☐ | ရှိ ☐ မရှိ☐ |
| ဇီဝလောင်စာ | | ကောင်း☐ သင့်☐ ညံ့ ☐ မပြေဆို☐ | ရှိ ☐ မရှိ☐ |

CamScanner

| | |
|---|---|
| | -မြစ်ရေတင်လုပ်ငန်းကိုလုပ်ဆောင်နိုင်ခြင်း။ |
| | -သွင်းအားစုများဝယ်ယူရရှိနိုင်ခြင်း။ |
| | -ဈေးကွက်လက်လှမ်းမှီခြင်း။ |
| | -ဟင်းသီးဟင်းရွက်များစိုက်ပျိုးနိုင်ခြင်း။ |
| | -နှစ်ရှည်သီးနှံပင်များစိုက်ပျိုးနိုင်ခြင်း။ |
| မွေးမြူရေး | -အစာအတွက် ဝက်၊ ကြက်၊ ဘဲမွေးမြူရေးများအတွက် သွင်းကုန်များကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း။ |
| | -မွေးမြူရေးကာကွယ်ရေးနည်းပညာများနှင့် ဝန်ဆောင်မှုများကိုချိတ်ဆက်ရရှိနိုင်ခြင်း။ |
| | -အသားစားကြက်များမွေးမြူရန်မြေနေရာရှိခြင်း |
| ကျေးရွာဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ |
| ပညာတက်ကျွမ်းကျင် | -ကျေးရွာတွင် ဘွဲ့ရပညာတက်များရှိခြင်း။ |
| လုပ်သား | -လက်သမား၊ပန်ရံ၊ဒီဇယ်စက်ပြင် ၊ဆိုင်ကယ်ပြင် သူများရှိခြင်း။ |
| | -အိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်ရန် အမျိုးသမီးလုပ်အားရှိခြင်း။ |
| ကျန်းမာရေး | -(၁)မိုင် အကွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ရှိခြင်း။ |
| | -မအူပင်ပြည်သူဆေးရုံနှင့် လက်လှမ်းမှီခြင်း။ |
| | -ကျေးရွာသားများသည် ယင်လုံအိမ်သာများအသုံးပြုနေခြင်း။ |

| | |
|---|---|
| လျှပ်စစ်မီး | -မဟာဓါတ်အားလိုင်း တည်ရှိပါသည်။ |
| သန့်ရှင်းသောသောက်သုံးရေး | - မြစ်ချောင်းရေကိုသာအဓိကထားသောက်သုံးကြပါသည်။ |
| ရေလုပ်သားများ၏ အလုပ်အကိုင် အခွင့်အလမ်း | -ကျေးရွာတွင် ဖွဲ့စည်းထားသောရေလုပ်သားအဖွဲ့အစည်းများရှိခြင်း။<br>-သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ညှိနှိုင်းတင်ပြနိုင်ခြင်း။ |

**(ခ) အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှာရမည့် စိန်ခေါ်မှုများ**

| | |
|---|---|
| ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ | ရှင်းလင်းဖော်ပြချက်နှင့် ဝေဖန်ဆန်းစစ်ချက်များ |
| သဘာဝအရင်းအမြစ် | -တိုးချဲ့စိုက်ပျိုးရန် မြေနေရာမရှိခြင်း။ |
| ဒေသဆိုင်ရာအခက်အခဲများ | -ရွာချင်းဆက်လမ်း၊တံတားများအဆင့်မြှင့်တင်ရန်လိုအပ်ခြင်း။ |
| ရာသီဥတုအခြေအနေမပေးမှု | -မုန်တိုင်းအန္တရာယ် အသင့်အတင့် ခံစားရခြင်း။ |
| လူမှုစီးပွားကဏ္ဍ | -ပညာရေးဆိုင်ရာအဆောက်အဦများထပ်မံတိုးချဲ့ရန်ငွေကြေး မရှိခြင်း။<br>-စီးပွားရေးဆိုင်ရာနည်းပညာနှင့် ဝန်ဆောင်မှုများလိုအပ်ခြင်း။ |

CamScanner